# Vermont ဆေးညွှန်း/စာ စောင့်ကြည့်လေ့လာရေး စနစ်

## အကြံပြု အကြောင်းကြားစာ - ထိန်းချုပ်ထားသည့် ဆေးပစ္စည်းများအတွက် ဆေးညွှန်း/စာ

### စောင့်ကြည့်လေ့လာရေး ပြဌာန်းချက်များ

ဗားမွန့် ကျန်းမာရေးဌာနအနေဖြင့် ဗားမွန့်ဆေးညွှန်း/စာ စောင့်ကြည့်လေ့လာရေးစနစ်(VPMS) ထူထောင်ရန် ဗားမွန့် ဥပဒေ (18 V.S.A. အခန်း 84A) က ပြဌာန်းထားပါသည်။ VPMS ဆိုသည်မှာ အီလက်ထရောနစ် ဒေတာဘေ့စ်ဖြစ်၍ အချိန်ဇယား II၊ III နှင့် IV ထိန်းချုပ်သော ဆေးပစ္စည်းများကို စောင့်ကြည့်လေ့လာရေး အတွက် အစီရင်ခံသော စနစ်ဖြစ်ပါသည်။ ထိန်းချုပ်သော ဆေးပစ္စည်းများမှာ အလွဲသုံးစားပြုခြင်း သော်လည်းကောင်း၊ စွဲခြင်းသော်လည်းကောင်း ဖြစ်နိုင်ခြေရှိသည့် ဆေးဝါးများဖြစ်ပါသည်။ ဤဆေးဝါးများကို ဗဟိုအစိုးရ ထိန်းချုပ်ထားသည့် ဆေးပစ္စည်းများ ဥပဒေ (CSA) က ထိန်းချုပ်ထားပါသည်။ ဤဥပဒေသည် အဆိုပါ ဆေးဝါးများအား အလွဲသုံးစားပြုခြင်းကို တိုက်ဖျက်ရာတွင် အမေရိကန်အစိုးရအား အထောက်အကူပြုပါသည်။ ထိန်းချုပ်သော ဆေးပစ္စည်းများ၏ ဥပမာမှာ အောက်ဆိုဒုံး (oxycodone)၊ မဲတာဒုံး (methadone)၊ ဟိုက်ဒရိုကိုဒုံး (Hydrocodone)၊ ဗျူဖန်နိုဖင်း (buprenorphine)၊ ကလိုနာဇီပန် (clonazepam) နှင့် ဒိုင်ယာဇီပန် (diazepam) တို့ ပါဝင်ပါသည်။

ထိန်းချုပ်သော ဆေးပစ္စည်းများကို တလွဲသုံးခြင်း၊ အလွဲသုံးစားပြုခြင်း၊ စိတ်အာရုံပြောင်းအောင် သုံးခြင်းတို့ကို ဟန့်တားစဉ်အတွင်း တရားဝင်ခွင့်ပြုထားသည့် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်အတွက် ထိန်းချုပ်သော ဆေးပစ္စည်းများကို မှန်ကန်စွာအသုံးပြုခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအတွက် လက်တွေ့ဆေးဝါးကုသမှု ကိရိယာအဖြစ် VPMS က ထမ်းရွက်ပါသည်။ ပြည်နယ်များ၏ ပညာရေး၊ သုတေသနပြုရေး၊ ဥပဒေသက်ရောက်ရေးနှင့် အလွဲသုံးစားပြုမှုကို တားဆီးရေးတွင် အထောက်အပံ့ဖြစ်ရန် ဤအချက်အလက်ကို အသုံးပြုသည်။

ဤအချက်အလက်မှာ ဥပဒေတွင် ပြဌာန်းထားသည်မှတစ်ပါး လျှို့ဝှက်ဖြစ်၍ အများပြည်သူဆိုင်ရာ မှတ်တမ်းမှတ်ရာများ ဥပဒေ၏ လွှမ်းမိုးမှုကို မခံရပါ။

**ကောက်ယူထားသည့် အချက်အလက်**

- လူနာအမည်၊ လိပ်စာနှင့် မွေးသက္ကရာဇ်
- ထုတ်ပေးသည့်ဆေး၊ ရက်စွဲ၊ ပမာဏနှင့် ဆေးတစ်ခါသောက်ပမာဏနှင့် သောက်သုံးရန် အကြိမ်၊ ဆေးပေးသည့် ရက်အရေအတွက်၊ ဆေးဖြည့်ပေးသည့် အကြိမ်ရေ
- လူနာအား ကျန်းမာရေး စောင့်ရှောက်မှုပေးသူ
- ဆေးဆိုင် အမည် (ဆေးညွှန်း/စာအတိုင်း ဆေးရောင်းပေးသည့်နေရာ)

**နောက်ထပ် အချက်အလက်များအတွက် ဆက်သွယ်ရန်**

**Vermont ဆေးညွှန်း/စာ စောင့်ကြည့်လေ့လာရေးစနစ်**
Vermont Department of Health
108 Cherry Street, PO Box 70
Burlington VT 05402-0070
ဖုန်းခေါ် ဆိုရန်၊ (802) 652-4147
ဖက်စ်၊ (802) 652-2019
**အီးမေးလ်:** AHS.VDHVPMS@vermont.gov

ထိန်းချုပ်ထားသော ဆေးပစ္စည်း အချိန်ဇယားနှင့် ဆက်စပ်သည့် အချက်အလက်များ ရယူရန် ‌ဓdeadiversion.usdoj.gov/schedules/schedules.html ကို ဖင်ရောက်ကြည့်ရှုပါ။

# Advisory Notice: Prescriptions for Controlled Substances

## Monitoring Requirements:

Vermont law (18 V.S.A. Chapter 84A) requires the Vermont Department of Health to establish the Vermont Prescription Monitoring System (VPMS). The VPMS is an electronic database and reporting system for monitoring Schedules II, III, and IV controlled substances. Controlled substances are drugs that have some potential for abuse or dependence. These drugs are regulated by the federal Controlled Substances Act (CSA) – this law helps the US Government fight against the abuse of these drugs. Examples of controlled substances include oxycodone, methadone, hydrocodone, buprenorphine, clonazepam and diazepam.

The VPMS serves as clinical tool for health care providers to promote the appropriate use of controlled substances for legitimate medical purposes, while deterring the misuse, abuse, and diversion of controlled substances. The data is used to support states' efforts in education, research, enforcement and abuse prevention

This data is confidential, except as provided in the law, and is not subject to the public records law.

## Data Collected:

- Patient Name, Address, and Date of Birth
- Drug Dispensed, Date, Quantity and Dosage, Number of Days' Supply, Number of refills
- Patient's Health Care Provider
- Pharmacy Name (where prescription is filled)

## For More Information Contact:

**Vermont Prescription Monitoring System**
Vermont Department of Health
108 Cherry Street, PO Box 70
Burlington VT 05402-0070
Call: (802) 652-4147
Fax: (802) 652-2019
**Email:** AHS.VDHVPMS@vermont.gov

For information about the controlled substance schedule, visit:
deadiversion.usdoj.gov/schedules/schedules.html